# စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန

## နိုင်ငံခြားဖြစ် အရက်အမျိုးမျိုးတို့နှင့်စပ်လျဉ်း၍ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရန် အသိပေးကြေညာချက်

၁။ နိုင်ငံခြားဖြစ် အရက်အမျိုးမျိုးကို ပြည်တွင်းသို့ တရားဝင်တင်သွင်းရောင်းချနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ (၂၅-၅-၂၀၂၀) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၈ / ၂၀၂၀) ဖြင့် ခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ပြည်တွင်းသို့ နိုင်ငံခြားဖြစ် အရက်အမျိုးမျိုး တရားဝင် တင်သွင်းခွင့်ရရှိလာမည့် လုပ်ငန်းရှင်များအနေဖြင့် ဈေးကွက်အတွင်း နိုင်ငံခြားဖြစ်အရက်များ တရားမဝင် တင်သွင်းရောင်းချနေသော လုပ်ငန်းရှင်များနှင့် ယှဉ်ပြိုင်ရောင်းချရာတွင် နစ်နာမှုမရှိစေရန် ပြည်တွင်းသို့ တရားမဝင် နည်းလမ်းအမျိုးမျိုးဖြင့် ရောက်ရှိနေသော နိုင်ငံခြားဖြစ်အရက်အမျိုးမျိုးတို့ကို ကျသင့်အခွန်အကောက်များ ပေးဆောင်စေပြီး A1 အမှတ်အသား(ခြသေ့်) အခွန်အမှတ်တံဆိပ်များ ကပ်နှိပ်ပေးမည်ဖြစ်ပါသည်။ အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ လုပ်ငန်းစီမံချက်အား One Stop Service (OSS) စနစ်ဖြင့် (၁-၉-၂၀၂၀) ရက်နေ့မှ (၃၀-၉-၂၀၂၀) ရက်နေ့အထိ ဆောင်ရွက်မည်ဖြစ်ပါသည်။

၃။ ဤစီမံချက်သည် မိမိလက်ဝယ်တွင်ရှိနေသော တရားမဝင်အရက်အမျိုးမျိုးကို တရားဝင်ဖြစ်စေရန် ဆောင်ရွက်ပေးမည်ဖြစ်သည့်အတွက် ကြေညာလွှာတင်သွင်းရမည့်ကာလကို (၂၁-၈-၂၀၂၀) ရက်နေ့မှ (၂၈-၈-၂၀၂၀) ရက်နေ့အတွင်း သတ်မှတ်ပါသည်။ အဆိုပါကာလအတွင်း လုပ်ငန်းရှင်များအနေဖြင့် သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့အချိန်မီ ကြေညာလွှာတင်သွင်းရမည် ဖြစ်ပါသည်။

၄။ စီမံချက်ကာလအတွင်း ထပ်မံရောက်ရှိလာနိုင်သည့် တရားမဝင် အရက်အမျိုးမျိုးကို ကာကွယ်တားဆီးနိုင်ရန် ကြေညာလွှာ နောက်ဆုံးတင်သွင်းရမည့် (၂၈-၈-၂၀၂၀) ရက်နေ့နောက်ပိုင်း တင်ပြလာသည့် ကြေညာလွှာများကို လက်ခံဆောင်ရွက်ပေးမည် မဟုတ်သည့်အပြင် ကြေညာလွှာတင်သွင်းခြင်းမပြုဘဲ စီမံချက်ကာလအတွင်း တရားမဝင်အရက်များ ရောင်းချနေကြောင်း တွေ့ရှိပါကလည်း တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါသည်။

၅။ စီမံချက်ကာလကုန်ဆုံးပြီးနောက် ၁-၁၀-၂၀၂၀ ရက်နေ့မှစ၍ တရားဝင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ထားခြင်းမရှိသော နိုင်ငံခြားအရက်အမျိုးမျိုးကို လက်ဝယ်ထားရှိခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်းနှင့် လက်လီလက်ကား ရောင်းချခြင်းများအပေါ် အထူးကုန်စည်ခွန်ဥပဒေအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာန